# နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်
# သဘောထားကြေညာချက်

နေ့စွဲ–၈ ၊ ၈၊၂၀၂၁။
စာအမှတ် – ၁/၂၀၂၁

နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်ကို (၇ ၊ ၈ ၊ ၂၀၂၁)တွင် စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်တော်လှန်ကြသော လူမျိုး ၊ ဘာသာ အသီးအသီး မှ ဘာသာရေး နှင့်လူမှုရေး ခေါင်းဆောင်များ စုပေါင်းပြီး အောက်ပါ ဦးတည်ချက်များဖြင့် ဖွဲ့စည်းလိုက်သည်။

၁။ စစ်အာဏာရှင်စနစ်အမြစ်ပြတ်ချုပ်ငြိမ်းရေး။
၂။ ဘာသာပေါင်းစုံ အတူတကွလက်တွဲ၍ လွတ်လပ်ခြင်း၊ တရားမျှတခြင်း နှင့် တန်းတူညီမျှရှိခြင်း တို့ကို အခြေခံသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး။
၃။ စုံလင်ကွဲပြားသောလူမျိုးဘာသာများအကြား ခွဲခြားဆက်ဆံမှုများ ပပျောက်ပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် လက်တွေ့ကျင့်သုံးခွင့်တို့ကို အာမခံသည့်လွတ်လပ်၍ တရားမျှတသော လူမှုဝန်းကျင်သစ်တစ်ခု တည်ဆောက်ရေး။

မိမိတို့ကွန်ရက်သည် ယနေ့ကျရောက်သော (၃၃) နှစ်ပြည့် ရှစ်လေးလုံး လူထုတော်လှန်ရေးကြီးအား ဂုဏ်ပြုသောအားဖြင့် အောက်ပါကြေညာချက်အား ထုတ်ပြန်လိုက်သည်။

၁။ နွေဦးတော်လှန်ရေး အပါအဝင် ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲ အဆင့်ဆင့်တွင် ကျဆုံးခဲ့ကြရသည့် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ မှ အာဇာနည်သူရဲကောင်းများ နှင့် ပေးဆပ်ခဲ့ကြသော ရဟန်း၊ ရှင်လူ ၊ ပြည်သူ အပေါင်းအား ဦးညွှတ်ဂုဏ်ပြုပါသည်။
၂။ မတရားဖမ်းဆီးခံ ထားရသည့် နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုခြွင်းချက်မရှိ လွှတ်ပေးရေးအတွက် ပြည်တွင်းပြည်ပမှ စဉ်ဆက်မပြတ် တောင်းဆိုနေသည်ကို စစ်ကောင်စီမှ ခြွင်းချက်မရှိ လိုက်နာဆောင်ရွက်ရမည်။
၃။ မိမိတို့သည် မတရားအာဏာလုယူထားသည့်စစ်ကောင်စီကို အုပ်ချုပ်သူအစိုးရအဖြစ် လုံးဝ(လုံးဝ) အသိအမှတ် မပြုဘဲ တော်လှန်ရေးအင်အားစုများ စုပေါင်းပါဝင်သည့် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်အရ ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရကိုသာ တရားဝင်အစိုးရအဖြစ်အသိအမှတ်ပြုထောက်ခံသည်။
၄။ ကုလသမဂ္ဂ နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ စစ်ကောင်စီ အား အသိအမှတ်ပြု ပတ်သက် ဆောင်ရွက်ခြင်း လုံးဝ (လုံးဝ) မပြုဘဲ ပြည်သူအများစုထောက်ခံသည့် အမျိုးသား ညီညွတ်ရေးအစိုးရကိုသာ အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက် ပေးပါရန် မိမိတို့က အလေးအနက်တောင်းဆိုသည်။
၅။ ကမ္ဘာ့ကပ်ရောဂါ ဖြစ်သည့် Covid 19 ကို စစ်အုပ်စုက လက်နက်သဖွယ် အသုံးပြု၍ ပြည်သူများ အား ဒုက္ခပင်လယ်ဝေစေရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေသည်ကို မိမိတို့က ပြင်းထန်စွာ ရှုတ်ချပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာ မှ အမြန်ဆုံးကြားဝင်ဖြေရှင်း ဆောင်ရွက်ပေးရန်တောင်းဆိုသည်။
၆။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘက်ပေါင်းစုံမှ တိုက်ပွဲဝင်နေကြသော လူမျိုးပေါင်းစုံ အင်အားစုများကို အားပေးထောက်ခံပြီး မိမိတို့၏ ဦးတည်ချက်များနှင့်အညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမည်။

ဆက်သွယ်ရန်
- ဆရာတော် ဦးဣဿရိယ (မင်းသုည –ဗုဒ္ဓတက္ကသိုလ်) , Signal +66637872712 ,Email - king.issariya@gmail.com
- ဦးဝါယမ , Signal +66886013156 , Email - uwaryama27@gmail.com
- ဦးထွန်းကြည် , Signal +959 975277759 , Email - kokotunkyifpps@gmail.com
- U Shiva , Email - shivaspring2021@gmail.com
- Fr.D Than Zin , Email - dhtway@gmail.com
- Sr.Micheal Seint San Yay , Email-emanuelfrancisca526@gmail.com